# မိုလိုတော့

အတွဲ–၁ ၊ အမှတ်–၁၁ ၊ ဇွန် ၊ ၂၀၂၁

၁။ လူထုလှုပ်ရှားမှုများနှင့် အဆက်မပြတ်စေရန် ၂။ လှုပ်ရှားမှုနည်းနာများကို မျှဝေနိုင်ရန်    f Molotov.to.Read




“ပြောက်ကျားရဲဘော်တယောက်၏ တာဝန်မှာ လှုပ်ရှားဆောင်ရွက်ရန်ဖြစ်သည်။
ရင်ဆိုင်ကြုံတွေ့လာသောပြဿနာအပေါ်တွင် အကောင်းဆုံးအဖြေကို
မြန်မြန်ဆန်ဆန် ဆုံးဖြတ်ဆောင်ရွက်နိုင်ရန် လိုအပ်ပေသည်။”

# ဒီပွဲပြီးရင်

ဆလိုင်းလိကျားပိ(မင်းတပ်)

ဒီပွဲပြီးရင်
လမ်းတွေတောင် ပြုံးမပြဖြစ်ဖူးတဲ့ လူတချို့ကို
တကူးတကသွားပြီး နှုတ်ဆက်ရင်း
ပြုံးပြပေးမောရင်း
မိတ်ဆက်ရင်း
မေးပြောရင်း
ရင်းနှီးစွာ ဖော်ရွေပြမယ်

ဒီပွဲပြီးရင်
ငါပြုံးပြဖူး
ရင်ချင်းအပ်ဖူးတဲ့ လူတချို့ကို
စက်ဆုပ်ရင်း
ရွံရှာရင်း
အံကြိတ်ရင်း
လက်သီးကို ကျစ်ကျစ်ဆုပ်ရင်း
မင်း မရှက်ဘူးလား လို့
ကိုယ်စောက်မြင်ကပ်ရာကောင်ရဲ့မေးရိုးကို
ဖြောင်းခနဲ ထိုးချ
တချို့ကိုကျ
ပြုံးစိစိနဲ့ကြည့်ပစ်မယ်

ဒီပွဲပြီးရင်
ကိုယ့်တဖို့စာအတွက်နဲ့
ဘယ်သူ့ကိုဖြစ်ဖြစ်
နင်းခြေရဲတဲ့ ဘယ်သတ္တဝါမျိုးကိုဖြစ်ဖြစ်
သတ်ရဲ စွန့်ရဲရင်း
မြင်သား ကြားသားကို မြိန်ရှက်မိသွားတဲ့
ကိုယ့်ကိုယ်ကိုယ်ကအစ
ဘယ်သူ့ကိုမဆို လေးစားပစ်မယ်

ဒီပွဲပြီးရင်
ကိုယ့်တရားကို ကိုယ်အားကိုးသမှုပြုရင်း
သူတို့ရဲ့ တရားမျှတမှုမရှိခြင်းကို ဖော်ထုတ်ရင်း
စိတ်လက်ပေါ့ပါးစွာ
ရှိရှိသမျှ ဘုရားများစွာနဲ့
ရင်ဆိုင်စမ်းကွာဆိုလည်း
တအေးတဆေး ရင်ဆိုင်ပစ်မယ်

ဒီပွဲပြီးရင်
ငါ့ တရားလာပြသူကို (ဘယ်သူဖြစ်ဖြစ်)
ငါတို့ မတရားခံရတုန်းက
ခင်ဗျားဘယ်ရောက်နေပါသလဲလို့
ပြုံးပြုံးလေးနဲ့ မေးပစ်မယ်
ပြီးတော့
အဓမ္မဝါဒီတို့ရဲ့
ရှက်စဖွယ်ပေတံလေးတွေကို လှောင်ပစ်ဖို့
ကိုယ့်နှုတ်ခမ်းကို ကိုယ်အဆင်သင့်ပြင်ထားမယ်

ဒီပွဲပြီးရင်
ဗလာကျောက်မျက်နှာပြင်ထက်
ကိုယ့်အမည်နာမကအစ
အညတရတွေနဲ့အတူ
ဟို မအေလိုးရဲ့ ဟိုး ... မိုးမြင့်နန်း အထက်ကနေ
ကိုယ့်ဘာသာကိုယ် လိပ်ပြာလုံစွာ ခမ်းနားပစ်မယ်

ဒီပွဲပြီးရင်
မော်မကွန်းလိုက်ရတဲ့
သူရဲကောင်းစင်စစ်တွေရဲ့ဝိဉာဉ်တွေကို
သူတို့ရဲ့ သူရဲကောင်းဆန်ခဲ့မှုအကြောင်း
ကြွေးကြော်ရင်း
သူတို့ရဲ့ တရားဓမ္မဆန်ခဲ့မှုကို ရေရွတ်ပြရင်း
သူတို့ရဲ့အဓမ္မနဲ့ ဓမ္မရဲ့ ကွဲပြားမှုကို စောကြောရင်း
သူတို့ရဲ့ဂုဏ်ကျေးဇူးကို ဦးညွှတ်ရင်း
ကိုယ့်ရှင်ခြင်း သူ့သေခြင်းကို
စီရင်ပေးတဲ့ လက်ထဲက အရာကို
ကျေနပ်စွာ မြေမြှုပ်အပြီး
စိတ်နာမကျန်းကောင်တွေကို စိတ်ရှိသလောက်
ကြည်လင်ရွှင်ပျတဲ့ လေသံနဲ့
ဝံ့ကြွားစွာ ဆဲရေးတိုင်းထွာ ကျိန်ဆိုမယ်

ဒီပွဲပြီးရင်ပေါ့
ပြီးပါလေ့စေဦး
ဒီပွဲပြီးသွားမှပါလေ။ ။

● ဆလိုင်းလိဏ်းပိ(မင်းတပ်)

# နွေဦးဖိုဦးတော့မယ်

-တိုက်တိုင်းအောင်-



မီးဖြစ်ဖို့ဆိုတာက
ရေမှမလိုတာ။

မကျေနပ်ချက်ကြီးမားလေ
ပေါက်ကွဲအားပြင်းထန်လေ။

သပိတ်ရဲ့အဆုံး
တိုက်ပွဲရဲ့အစ …

သတ်ကွင်းကိုမျက်နှာမူ
သရဖူကိုစောင့်ရှောက်မယ့်
သရဏဂုံကောင်တယောက်
လေကိုထွင်းဖောက်လာနေပြီ။ ။

● တိုက်တိုင်းအောင်




ပြင်ဦးလွင်၊ အနီးစခန်း၊ သုံးတောင်ရွာနားမှာလေယာဉ်ပျက်ကျတယ်။ တတိုင်းတပြည်လုံး အုန်းအုန်းထအောင်ပျော်နေကြတယ်။ လူတွေပျော်နေပုံက အံ့အားသင့်စရာပါ။ ဗမာ့ယဉ်ကျေးမှုအရ လူသေရင် ဝမ်းမသာကောင်းဘူး။ အခု စစ်ခွေးတွေသေတာကြားတော့ တတိုင်းတပြည်လုံး ပျော်ရွှင်မြူးတူးနေကြတယ်။ ပြည်သူ့မေတ္တာစူးတယ်ဆိုတာ ဒါမျိုးနေမှာပဲလို့ အောက်မေ့ရတယ်။

ဒီကိစ္စက သာမန်ကြည့်ရင် မုန်းသူစျာပနသက်သက်ပါ။ ဒါပေမဲ့ ပြည်သူတွေဟာ စစ်ခွေးတွေကိုအကြောင်းမဲ့မုန်းတီးတာမဟုတ်ဘူး။ မကြာခင်ကလေးကပဲ နွေဦးတော်လှန်ရေးမှာ ကိုယ့်မျက်စိရှေ့တင် စစ်ကောင်စီက လူပေါင်းထောင်ချီ သတ်ဖြတ်ခဲ့တာကလား။ လမ်းတိုင်းမှာ သွေးအိုင်သွေးကွက်တွေ ရှုမကောင်း မြင်မကောင်းဖြစ်ခဲ့ရတာပဲ။ ပြည်သူတွေက ဘယ်မေ့နိုင်ပါ့လဲ။ အသတ်ခံရသူ အများစုဟာ လူငယ်တွေဖြစ်တယ်။ တိုင်းပြည်ရင်နှစ် သားချစ် သမီးရတနာကလေးတွေဖြစ်တယ်။ သူတို့ဟာ ပြည်သူရှေ့က မားမားရပ်ပြီး ပြည်သူ့ အခွင့်အရေးကို ကာကွယ်တောင်းဆိုကြသူတွေ၊ ပြည်သူ့ သူရဲကောင်းတွေဖြစ်တယ်။

နွေဦးတော်လှန်ရေးမှာ ကျဆုံးခဲ့ရတဲ့ အာဇာနည် ရဲဘော်တထောင်ဟာ အမိနိုင်ငံတော်ရဲ့ အမွန်အမြတ်ရတနာတွေဖြစ်တယ်။ ဒီလူငယ်တွေဟာ တိုင်းပြည်ရဲ့အနာဂတ်ပဲ။ ဒီလူငယ်တွေဟာ တိုင်းပြည်ရဲ့ အိပ်မက်ပဲ။ ဒီလူငယ်တွေကို ရက်ရက်စက်စက် သတ်ဖြတ်နှိမ်နင်းခဲ့တဲ့ စစ်ကောင်စီနဲ့ စစ်ခွေးတွေဟာ တိုင်းပြည်ရဲ့ ရန်သူပဲ။ လူထုရဲ့ ရင်ထဲ၊ အသည်းထဲ၊ နှလုံးသားထဲမှာ ဒီလိုပဲ စွဲမှတ်ခိုင်မာသွားတယ်။ တိုင်းပြည်ရန်သူ စစ်ခွေးတွေကို ကမ္ဘာကြေပေမဲ့ ဘယ်တော့မှ ဥဒါန်းမကျေဘူး။

ဆောင်းပါး


ပြည်သူတွေဟာ နွေဦးတော်လှန်ရေးမှာ ကျဆုံးခဲ့ရတဲ့ လူငယ်အာဇာနည် ၈၀၀ ကျော်ကို သတိရ၊ တမ်းတ၊ နှမြော တသ ယူကြုံးမရဖြစ်တာနဲ့အမျှ လူသတ်သမားတွေ စစ်ခွေးတွေကို နာကျည်းရွံမုန်းကြတယ်။ စစ်ကောင်စီကို စက်ဆုပ်ရွံရှာကြတယ်။ ဒါကြောင့် စစ်ခွေးတွေ သေကြေပျက်စီး ဒုက္ခရောက်တဲ့သတင်းကြားရင် အုန်းအုန်းထ အောင်ပျော်ကြတာပဲ။ ပြည်သူတွေက ဗိုလ်မှူးတွေ၊ ဗိုလ်ကြီးတွေ၊ တပ်ကြပ်တွေလောက် သေတာနဲ့တင် အားမရကြဘူး။ ဖြစ်နိုင်ရင် မင်းအောင်လှိုင်၊ စိုးဝင်း၊ အောင်လင်းဒွေး၊ စိုးထွဋ်၊ ဇော်မင်းထွန်းတို့ကိုပါ မရှုမလှ သေကြေ ပျက်စီးစေချင်ကြတာပါ။

ဒီလောက်ဆိုရင် စစ်ကောင်စီ သိသင့်ပြီ။ လူထုဆန္ဒကို မြင်သင့်ပြီ။ ရှက်တတ်ရင် လဲသေဖို့လည်း ကောင်းပါပြီ။ ပလ္လင်ပေါ်က ဆင်းပြေးဖို့လည်း သင့်ပါပြီ။ မျက်နှာဆိုတာ ပြောင်တိုင်းလည်း ကောင်းတာမဟုတ်ဘူး။ ဆွေစဉ်မျိုးဆက် မျက်နှာမဖော်ရဲလောက်တဲ့ အခြေအနေကို မြင်ကြပါ။ ဂဠုန်စောမိသားစု သွားရာလမ်းကို အားကျမနေပါနဲ့။ အမြန်ဆုံး သံဝေဂယူ နောင်တရသင့်ပြီ။

တိုင်းပြည်ကတော့ စစ်ကောင်စီရေ အမျှ အမျှ အမျှလို့ ရေစက်သွန်းချ အမျှဝေနေပြီ။

ကောင်းချီးနှမော် သာခုခေါ်ပြီး ပြည်သူ့ကြွေးကို ဆပ်ပါလေ။

● မင်းလွင်ဦး






မြန်မာ့ဆိုရိုးစကားတခုရှိတယ်။ နီးရာဓားကိုကြောက်ရတယ်ဆိုတာပဲ။ ဒါဟာ ပဒေသရာဇ်ခေတ်ကတည်းက ပေါ်ခဲ့တဲ့စကား။ သတ္တိနည်းသူတို့ မစွန့်စာဝံ့သူတို့ရဲ့ ဆင်ခြေ့ရန်ရှောင်စကားတခွန်းမျှသာဖြစ်တယ်။ ဆင်ခြေတခု ပေးခြင်းထက်မပို။ ပညာရှိတွေနဲ့ သူရသတ္တိရှိသူတွေအတွက် စကားတခွန်းတော့မဟုတ်။

ပဒေသရာဇ်တင်စားမှုအရက အုပ်ချုပ်မင်းလုပ်သူကို နီးရာဓားအဖြစ်တင်စားခဲ့ကြတာ။ ဒီတော့ နီးရာဓားဆိုတာ အုပ်ချုပ်သူကိုပြောတာ။ ဘုရင်ကိုပြောတာ။ အဲ့ဒီစကားကို သုံးခဲ့သူတွေကိုကြည့်ရင် များသောအားဖြင့် မင်းခစား အလုပ်လုပ်နေကြတဲ့ သူတွေဆီကနေ ထွက်ပေါ်လာခဲ့တာ။ အရပ်သားဆင်းရဲသား လူထုဆီက ထွက်လာခဲ့တဲ့ စကားတော့ဟုတ်ဟန်မတူ။ မင်းနားထံပါးခစားသူတိုင်းကို ပညာရှိလို့ထင်ခဲ့ကြတော့ သာမန်ပြည်သူတွေအဖို့ ပဒေသရာဇ်မင်းခစားတို့ရဲ့ ဆိုက်ဝါးကို သမိုင်းတလျှောက်လုံးက ပြည်သူတွေခံလာခဲ့ရတာဟာ ဒီနေ့အထိပဲလေ။

အဲ့ဒီစကား ထွက်ပေါ်လာကတည်းက လူအများစုဟာ အမှန်တရားကို မျက်ကွယ်ပြုလာခဲ့ကြတယ်။ သေချာတွက်ကြည့်ပါလား။ နီးရာဓားကိုသာကြောက်နေရရင် ခင်ဗျားတို့ပြောနေတဲ့ အနော်ရထာလည်းပေါ် မလာခဲ့ဘူး။ ဘုရင့်နောင်လည်း ပေါ်လာစရာအကြောင်းမရှိဘူး။ သခင်အောင်ဆန်းမပြောနဲ့ အလောင်းမင်း

ဆောင်းပါး

တရားကြီး ဦးအောင်ဇေယျလည်း ပေါ်လာစရာအကြောင်းမရှိဘူး။ နီးရာမားကိုမကြောက်ဘဲ နီးရာမားကို ယှဉ်ခုတ်ခဲ့လို့သာ အခု ခင်ဗျားတို့သင်ခဲ့တဲ့ သမိုင်းတွေဖြစ်လာခဲ့တာ။ နောက်ဆုံး ဗမာပြည်လွတ်လပ်ရေးရခဲ့တာ။

နီးရာမားကိုကြောက်ရတယ်ဆိုတဲ့စကားက လူဖျင်းလူညံ့တွေဆီက ထွက်ပေါ်လာခဲ့တာ။ လူထုရဲ့တော်လှန်စိတ်ကို ချိုးနှိမ်ပစ်ခဲ့တာ။ ပညာရှိလို့အမည်ခံပြီး အမှန်တရားကို ရင်မဆိုင်ရဲတဲ့ မင်းခစားတို့ သူရဲပေါကြောင်ရာကနေထွက်ပေါ်လာခဲ့တာ။ မင်းခစားတွေထဲမှာ အမှန်တရားအတွက် ဗန်းမော်ဆရာတော်ကြီးလို၊ ယောမင်းကြီးဦးဘိုးလှိုင်တို့လို ရင်ကော့ပေးရဲသူဆိုတာ မြန်မာ့သမိုင်းမှာ အတော်ရှားခဲ့တယ်။ အဲ့လိုလူတွေသာ ခေတ်တိုင်းခေတ်တိုင်းမှာရှိခဲ့ရင် နီးရာမားကြောက်တယ်ဆိုတဲ့စကား ပေါ်လာစရာအကြောင်းမရှိဘူး။

ဒါပေမယ့် အဲ့ဒီစကားရဲ့အပြည့်အစုံက တွက်ချက်ခန့်မှန်းကြည့်ရင် အမှန်တရားဟုတ်ပေမဲ့ နီးရာမားမို့ ကြောက်ရပါတယ်ဆိုတဲ့ စကားရိပ် စကားငွေ့တော့ ပါနေဟန်ရှိတာတွေ့ရတယ်။ ဒါပေမယ့် ရန်–ငါစည်းအရတော့ အမှန်တရားရဲ့ဘက်တော်သား မဟုတ်တော့တာသေချာတယ်။ ဒီလိုစကားသုံးလာရင် သေချာတယ်ကိုယ့်လူမဟုတ်ဘူး ရန်သူ့လူပဲ။ ရန်သူကို အလုပ်အကျွေးပြုသူပဲ။ ဒါဟာ ရန်–ငါစည်းအရ တွက်ကိုတွက်ထားရမယ့်အချက်ပဲ။

အဲ့လိုလူဟာ တချိန်မှာ လူထုကို သစ္စာဖောက်မယ့်သူပဲ။ အဲ့ဒီအချိန်ကျရင်လည်း နီးရာမား ကြောက်လို့သစ္စာဖောက်ရတာပါဆိုတဲ့ ဆင်ခြေပေးလိမ့်ဦးမယ်။ မြန်မာတွေဟာ ဆိုရိုးစကားတွေ စကားပုံတွေရဲ့ လွှမ်းမိုးမှုကို တနည်းနည်းနဲ့ ခံနေကြရတယ်။ အထူးသဖြင့် ပဒေသရာဇ်အုပ်ချုပ်ရေး(ဘုရင်)ကို အထောက်အကူပြုခဲ့တဲ့ စာဏကျနီတိ လောကနီတိတွေရဲ့လွှမ်းမိုးခံဖြစ်ခဲ့တာကိုး။

အဲ့ဒီလို နီးရာမားကြောက်တဲ့စိတ်ကို ဂျာမန်ပညာရှင်နီရှေးအလိုအရကတော့ ကျွန်စိတ်ရှိသူလို့ခေါ်ပါတယ်။ သခင်စိတ်ရှိသူဟာ နီးရာမားနဲ့ချိန်လာရင် ပြန်ခုတ်မှာပဲ။ ငြိမ်ခံနေမှာမဟုတ်ဘူး။ လောလောလတ်လတ်နမူနာ ပြပါဆိုရင် အခု GZ တွေဟာ သခင်စိတ်ရှိသူတွေ။ CDM လုပ်သူတွေဟာ သခင်စိတ်ရှိသူတွေဖြစ်တယ်။ PDF တွေဟာ သခင်စိတ်ရှိသူတွေ။

အဲ့ဒီလူတွေဟာ မတရားမှုကိုခေါင်းငုံ့မခံဘူး။ မှန်ရာဘက်ကရပ်တည်ပြီး နီးရာမားကိုဆန့်ကျင်ရဲတယ်။ မားမိုးအုပ်ချုပ်တဲ့ မတရားမှုကို ခေါင်းငုံ့မခံဘဲ ပြန်ခုတ်ရဲတာဟာ သခင်စိတ်ရှိသူတွေရဲ့ စိတ်ဓာတ်နဲ့လုပ်ရပ်ပဲ။ ခေါင်းငုံ့ခံစိတ်ရှိသူကတော့ ကျွန်စိတ်ရှိသူတွေပါပဲ။

ကဲ … သင်ဘယ်လိုဆုံးဖြတ်မလဲ။ ဘယ်လမ်းလိုက်မလဲ။ သခင်စိတ်လား ကျွန်စိတ်လား။ ရဲရဲဆုံးဖြတ် ရဲရဲတော်လှန်ဖို့ အချိန်ကျပြီ။ ဒီအချိန်က နီးရာမားကြောက်ရမယ့်အချိန်မဟုတ်ဘူး။ အခုကာလက နီးရာမားနဲ့ပြန်ခုတ်မယ့် အချိန်။ နီးရာမားကို ယှဉ်ခုတ်ရမယ့်အချိန်။

ကိုင်း … ထထကြွကြွနဲ့ ဝိုင်းကြပေတော့။

● ဟိန်းထက်ဇော်




စစ်ရေးစစ်ရာမှတ်စုများကိုဖော်ပြခဲ့တာ အမှတ်(၁၀)အထိရောက်ပါပြီ။

ဒီတပတ်တော့ လူပြောများပြီး စစ်ပညာကျောင်းတိုင်းမှာ လေ့လာသင်ကြားလေ့ရှိတဲ့ မရိုးနိုင်တဲ့ တရုပ်ပညာရှိကြီး "ဆွန်ဇူး"ရဲ့ စစ်ပညာကျမ်းထဲက အရေးကြီးတာလေးတွေ ထုတ်နုတ်ဖော်ပြချင်တယ်။

"ဆွန်ဇူး"ဟာ စစ်သူကြီးတယောက်အဖြစ် ကျော်ကြားတာမဟုတ်ဘဲ သူ့ရဲ့စစ်ကျမ်းကြောင့် နာမည်ကျော်ကြားခဲ့တာ။ တကယ်တော့ "ဆွန်ဇူး"ဟာ အလွယ်တကူစစ်ပြုခြင်းကိုလက်မခံဘူး။ ဆန့်ကျင်တယ်။ ပြည်သူပြည်သားတွေရဲ့ သေရေးနဲ့ ရှင်ရေးဖြစ်နေတာကိုး။ တိုင်းပြည်တည်မြဲခြင်းနဲ့ ချုပ်ငြိမ်းရေးဖြစ်နေတယ်။ ဒါကြောင့် သေသေချာချာလေ့လာ သုံးသပ်ပြီးမှသာ စစ်ပြုသင့်တယ်လို့ဆိုတယ်။

သူ့ရဲ့စစ်ကျမ်းမှာ ပြောက်ကျားနည်းဗျူဟာအကြောင်း သီးသန့်ရေးမထားပေမဲ့ ပြောက်ကျားနည်းဗျူဟာဆိုင်ရာ အကြောင်းအချက်တွေပါတယ်။

စစ်မတိုက်မီမှာ စစ်သူကြီး(သို့)စစ်ဦးစီးရဲ့ လုပ်ရည်ကိုင်ရည်ဟာအရေးပါတယ်။ သူ့အပေါ်မှာ အဓိကမူတည်နေတယ်။ မိုးလေဝသ၊ ရာသီ၊ အချိန်အခါ၊ ပထဝီမြေပြင်ကို ပိုင်နိုင်စွာလေ့လာပြီးဖြစ်ရမယ်။ (ဥပမာ–မိုးလေဝသနဲ့ပတ်သက်ရင် တူမီးကိုင်သူက မိုးရွာမယ့်အခြေနေရှိရင် စစ်ကိုရှောင်ထားရတဲ့သဘောမျိုး)

ပါဝင်တိုက်ခိုက်မယ့်သူဟာ အမိန့်၊ စစ်စည်းကမ်းကို လိုက်နာကျင့်သုံးတတ်အောင် အစီအမံလုပ်ထားဖို့လိုတယ်။ လိုက်ကိုလိုက်နာကြရမယ်။

ဆောင်းပါး

ရန်သူ့တပ်အင်အား အခြေအနေကို လေ့လာသုံးသပ်ထားရမယ်။ (အင်အားဆိုရာမှာ ရန်သူရဲ့လူအပြင် လက်နက်၊ ရိက္ခာ၊ ထောက်ပံ့ပို့ဆောင်ရေးလမ်းကြောင်းမှအစ ဆိုလိုခြင်းဖြစ်)။

ကိုယ့်ရဲ့ စစ်သည်ဗိုလ်ပါအဆင့်ဆင့်ရဲ့ လေ့ကျင့်မှုအရည်အသွေး ကျွမ်းကျင်မှု၊ တတ်ကျွမ်းမှုတွေကို စဉ်ဆက်မပြတ်သုံးသပ်နေရမယ်။ လေ့ကျင့်နေစေရမယ်။ တဦးချင်းရဲ့ ဘယ်စစ်သည်ဗိုလ်ပါက လေ့ကျင့်မှု၊ စွမ်းရည် အရည်အသွေး ဘယ်အပိုင်းမှာ ပိုမိုကျွမ်းကျင်သလဲဆိုတာကို စစ်ဦးစီးမှူးကသိဖို့လိုတယ်။ တဦးချင်း အကဲဖြတ်ချက်ကို မှန်မှန်ကန်ကန်ချနိုင်ရမယ်။

ဒီအချက်တွေက အနိုင်အရှုံးကို အကဲဖြတ်နိုင်တယ်။ စစ်ဦးစီးသူ စီမံကွပ်ကဲတဲ့ ပရိယာယ်အတိုင်းသာ လိုက်နာနိုင်ဖို့လိုတယ်။

စစ်ရေးစစ်ရာဆိုတာ ဥပါယ်တံမျဉ် အလွန်များတဲ့သဘောမှာရှိတယ်။ ဒါကြောင့်တခါတလေမှာ တိုက်နိုင်စွမ်းရှိလည်း တိုက်နိုင်စွမ်းမရှိသလို ပြကြရတယ်။ တိုက်မှာကို မတိုက်ဘူးလို့လည်း ထင်အောင်ပြကြရတယ်။

အနီးမှာရှိတာကို အဝေးမှာရှိသယောင် ထင်အောင်ပြကြရတယ်။ အဝေးမှာရှိတာကိုလည်း အနီးမှာရှိသယောင် ထင်အောင်ပြရတဲ့အခါလည်းရှိတယ်။

ရန်သူကို ရိက္ခာနဲ့လည်းမြှူရတယ်။ ရန်သူက အင်အားအခိုင်အခန့်ရှိနေရင် စစ်ကို သတိကြီးကြီးနဲ့ ကြိုပြင်ဆင်ရတယ်။ ရန်သူက အားကြီးနေရင် ကိုယ်ကရှောင်။

ရန်သူက ဒေါသထွက်နေရင် ကိုယ်က ပိုထွက်အောင်လုပ် စိတ်ကိုဆွပေးရတယ်။ ရန်သူကလည်း ကိုယ့်စိတ်ကို ဒေါသပိုဖြစ်လည်း ဆွပေးတတ်တာကို သတိပြု။

(ကျုံပျော်ကိစ္စနဲ့ ကရင်ပြည်နယ်မှာ အာဇာနည်ကုန်းတို့ ကျောက်တိုင်တို့ အောင်ဆန်းတံတား အမည်ပြောင်းတာတွေဟာလည်း ရန်သူက ကိုယ့်ဒေါသကို ပိုဖြစ်လာအောင် ဆွပေးလိုက်တာ။ NUG တို့ PDF တို့ရဲ့ အစီအမံမပြီးခင် ရှေ့ကျံထွက်လာအောင် ဆွပေးနေတယ်လို့ မှတ်။ ရန်သူက သူမမွေးစေချင်တဲ့ သန္ဓေသားကို နေ့မစေ့ခင်ပျက်ကျအောင်လုပ်နေပြီလို့သိ။)

ရန်သူက ကိုယ့်ကို အထင်အမြင်သေးနေရင်လည်း မာန်ပိုတက်ပြီး အမှားဖက်အောင်လုပ်ပေးရတယ်။ ရန်သူက အေးဆေး သက်တောင့်သက်သာဖြစ်နေရင် သူ့ကိုမအေးဆေး ပင်ပန်းနွမ်းနယ်အောင်လုပ်ပေး။ (ရန်နား ငါရှုပ်ဆိုတဲ့သဘောပဲ)

ရန်သူက စည်းလုံးညီညွတ်နေရင် သူတို့ကို သံသယနဲ့ စိတ်ဝမ်းကွဲအောင်လုပ်။ ရန်သူက အသင့်ပြင်ဆင်မထားတဲ့ နေရာနဲ့ လာတိုက်လိမ့်မယ်လို့ မထင်မှတ်တဲ့နေရာမှာ အလစ်အငိုက်ယူပြီး တိုက်ခိုက်ရတယ်။

ဒါတွေဟာ ပြောက်ကျားဗျူဟာအတွက် အသုံးဝင်မယ့်အချက်တွေပဲဖြစ်တာကြောင့် ဖော်ပြပေးလိုက်တယ်။

ဒီအချက်တွေကို "ဆွန်ဇူး"ရဲ့ စစ်ပညာကျမ်းကို "ဆရာငြိမ်းချမ်းသူ" မြန်မာမှုပြုထားတဲ့ လက်ရေးမူစာအုပ်ထဲကနေ ကိုးကားဖော်ပြလိုက်တာပါ။ နောက်တပတ်မှာ ထပ်ဆုံကြဦးမယ်လေ။

● ဘိုးဒေါင်း

ဆောင်းပါး

# ရန်သူကို
# လက်တုန့်ပြန်ကြ
# မိမိကိုယ်ကိုယ်
# ခုခံကာကွယ်ကြ
# သပိတ်တိုက်ပွဲ
# ဆက်လက်ဆင်နွှဲကြ



• အမောင် •

လူငယ်တွေဟာ လက်နက်ကိုင် တိုက်ပွဲဆီကို အရှိန်အဟုန်နဲ့ကူးပြောင်းနေကြတယ်။ ဒါပေမဲ့ မြို့ပေါ်မှာ သပိတ်တိုက်ပွဲရဲ့အခန်းကဏ္ဍက မပြီးဆုံးသေးဘူး။ ရန်ကုန်၊ မန္တလေး မြို့ကြီးတွေနဲ့ ရွာသိမ်၊ ရွာမွား၊ မြို့ငယ်များပါမကျန် သပိတ်ကို နည်းသဏ္ဌာန်မျိုးစုံနဲ့ ဆက်မှောက်နေကြတယ်။ ဘာကြောင့် လူငယ်တွေဟာ သပိတ်ကို ဆက်မှောက်နေကြသလဲ။

သာမန်အားဖြင့်ပြောရင် နွေဦးတော်လှန်ရေးမှာ သပိတ်ဟာ လက်နက်ကိုင်တိုက်ပွဲဆီ ကူးပြောင်းသွားပြီဖြစ်တဲ့အတွက် သပိတ်ရဲ့အခန်း၊ သပိတ်ရဲ့တာဝန်ဟာ ပြီးဆုံးသွားပြီ။ ရှေ့ဆက်မယ့်သမိုင်းကို လက်နက်ကိုင်တော်လှန်ရေးက ဆက်ထမ်းဖို့ပါပဲ။ ဒါပေမဲ့ ဗမာပြည်တော်လှန်ရေး ပကတိလက်တွေ့က ပြဌာန်းထားတာက ဒီလိုမဟုတ်ဘူး။ ကျနော်တို့ဟာ ရန်သူကို နည်းသဏ္ဌာန်ပေါင်းစုံနဲ့ အုံကြွဆန့်ကျင်ဖို့ပဲ။ လက်နက်ကိုင် တော်လှန်ရေးတိုက်ပွဲကို အဓိကထားပြီး ကျန်နည်းသဏ္ဌာန်များနဲ့ စနစ်တကျ ပေါင်းစပ်ပေးဖို့ပဲ။ ဗကပ ဟာ သေမလောက်ဒဏ်ရာရပြီး အသက်ရှင်ရေးအတွက် ရုန်းကန်နေရချိန်မှာ မြေအောက်ဘဝ ပြောင်းခဲ့ရတယ်။ ဒါပေမဲ့ အဲသလိုအချိန်မှာလည်း လက်နက်ကိုင်တော်လှန်ရေးကို မပစ်ပယ်ဘူး။ ရွေးလမ်းတခုအနေနဲ့ ညွှန်ပြထားတယ်။

တော်လှန်ရေးအဆင့်တခုမှာ လက်နက်ကိုင်တော်လှန်ရေးနဲ့ မြို့ပေါ်အုံကြွမှုကို အစီအစဉ်တကျ ပေါင်းစပ်ပေးဖို့ မဖြစ်မနေလိုအပ်တယ်။ ဒီလိုပေါင်းစပ်တဲ့ နည်းလမ်းကလည်း အမျိုးမျိုးထွေထွေရှိတာပါ။ ရန်သူက လက်နက်ကိုင်တိုက်ပွဲကို အင်အားအသာစီးနဲ့ ဖိထားရင် မြေပေါ်လူထုလှုပ်ရှားမှုနဲ့ ဖိအားပေးပြီး ရန်သူကို အကြပ် ရိုက်အောင် လုပ်လို့ရတယ်။ တခါ ရန်သူက မြို့ပေါ်လူထုလှုပ်ရှားမှုတွေကို ရက်ရက်စက်စက် ချေမှုန်းနေပြီဆိုရင် တောထဲက သေနတ်သံပေးပြီး ရန်သူကို ထိန်းထားလို့ရတယ်။ ဒီကြားထဲက ရန်သူဟာ မိုက်တွင်းနက်ပြီး လူသတ်ပွဲကြီးကို အတောမသတ် ဆက်လုပ်နေရင် လူထုဟာ လွတ်မြောက်ဒေသကို ခိုလှုံကြလိမ့်မယ်။ စစ်ပညာသင်မယ်။ လက်နက်ရှာမယ်။ အမျိုးအစားသစ် တပ်မတော်တရပ် ထူထောင်ဖို့ ကြိုးပမ်းလိမ့်မယ်။

လူထုရဲ့ အစိတ်အပိုင်းတရပ်ဟာ အစွမ်းကုန်နိုးကြားတက်ကြွနေပြီး အများစုလူထုကြီးကတော့ အသင့်မဖြစ်သေးတဲ့ အခြေအနေနဲ့ ရင်ဆိုင်နေရလိမ့်မယ်။ ဒီအချိန်မှာ လူထုကို ကာကွယ်ဖို့ စောင့်ရှောက်ဖို့ လူငယ်

တွေဟာ မြို့ပြကိုပြန်လာကြတာ၊ အသွင်သစ်နဲ့ ချဉ်းကပ်တာတွေရှိလာနိုင်တယ်။ မြို့ပြပြောက်ကျားစစ်ပွဲ ဆင်နွှဲဖို့ ပြန်လာသူတွေရှိနိုင်သလို မြေအောက်လုပ်ငန်းတာဝန် ထမ်းဆောင်ဖို့ ပြန်လာသူတွေလည်း ရှိလိမ့်မယ်။ စိတ်ဓာတ်ကျပြီး အိမ်ပြန်လာတာ၊ လက်နက်ချပြီး အိမ်ပြန်လာတာမျိုးတွေလည်းရှိလိမ့်မယ်။ သူရဲကောင်းတွေများတဲ့ခေတ်မှာ သစ္စာဖောက်တွေလည်း ရှိတတ်တာ မေ့ထားလို့မရဘူး။

ရန်သူ့ ထောက်လှန်းရေး၊ သူလျှို၊ ဒလန်၊ သတင်းပေးတွေလည်း ခြေချင်းလိမ်နေအောင် ဝင်ရှုပ်ကြလိမ့်မယ်။ ဒါတွေကို အထူးသတိထား ဆောင်ရွက်ကြရလိမ့်မယ်။ လူတန်းစားစိစစ်မှု၊ အတွေးအခေါ် စိစစ်မှု၊ လုပ်ဟန် စိစစ်မှုတွေကို မဖြစ်မနေလုပ်ကြရလိမ့်မယ်။ သူတို့ကို အရေးယူဆောင်ရွက်ရာမှာ အမှားအယွင်းကင်းစင်အောင် ဂရုစိုက်ကြရမယ်။ မှားပြီးသားအမှားတွေကို ထပ်မမှားဖို့ဆင်ခြင်ရမယ်။ သင်ခန်းစာယူရမယ်။

ကျနော်တို့ဟာ မိမိရဲ့အမှားအယွင်းတွေကို ဘယ်လိုသဘောထားသလဲဆိုတာ အရေးကြီးတယ်။ အမှားအယွင်းတွေဟာ မှန်ကန်တဲ့သင်ခန်းစာအဖြစ် ရှေ့ဆောင်လမ်းပြနိုင်စွမ်းရှိရလိမ့်မယ်။ သူလျှိုဒလန် သတင်းပေးတွေ စိစစ်ဖယ်ရှားရေးနဲ့ ပါတီတွင်း၊ အဖွဲ့အစည်းအတွင်း ပဋိပက္ခတို့ဟာ လက္ခဏာချင်းမတူညီပါဘူး။ ဒါကိုလည်း မှန်ကန်စွာ ခွဲခြားကျင့်သုံးဖို့လိုပါတယ်။

ဗကပ မှာ ဖြုတ်ထုတ်သတ် လမ်းစဉ်ကြောင့် ပါတီနဲ့တော်လှန်ရေးက အလေးထားရတဲ့ ရဲဘော် ၁၃ ဦး ကျဆုံးခဲ့ရတယ်။ ဖထသကြောင့် အမှန်တကယ်ကျဆုံးရတာ ဒီ ၁၃ ယောက်ပဲ။ ဗကပ ပါတီတွင်းမှာ လမ်းစဉ်ပေါ်လစီ ၂ ရပ်ရဲ့တိုက်ပွဲဟာ အမြဲတစေရှိတယ်။ ဒါကို ပါတီတွင်းတိုက်ပွဲအဖြစ် မရှင်းဘဲ ရန်ငါစည်းအဖြစ်ရှင်းတဲ့အခါ အလွန်အကျွံကိစ္စတွေဖြစ်ခဲ့တယ်။ သစ္စာဖောက်ဘခက်နဲ့ အပေါင်းပါတွေက တိုင်းပြည်ကိုတင်ပြရာမှာ အဲဒီကာလအတွင်းဖြစ်ခဲ့တဲ့ ပါတီတွင်းတိုက်ပွဲတွေကိုပါ ဖြုတ်ထုတ်သတ်စာရင်းသွင်း တင်ပြတာကြောင့် ၄၅ ဦးအထိ ကျယ်ပြန့်လာတယ်။ ဒါတင်မက ပါတီနဲ့ တော်လှန်ရေးအတွက် အသက်ပေးတိုက်ပွဲဝင်ခဲ့တဲ့ သူရဲကောင်းတွေကိုပါ နောက်ကျည်နဲ့ ကျဆုံးတဲ့ စာရင်းအဖြစ် တင်ပြခဲ့ကြတယ်။

အလားတူ ၁၉၉၀ ပြည့်လွန်နှစ်များအတွင်း မြောက်ပိုင်းဒေသ ပါဂျောင်စခန်းမှာ လူပေါင်း ၉၀ ကျော် အသတ်ခံခဲ့ရတဲ့ ဖြစ်ရပ်ဆိုးကြီး ဖြစ်ပွားခဲ့ဖူးပါတယ်။ ရန်သူက ဒါကို ကောင်းကောင်းကြီး အသုံးချပြီး ကျောင်းသားတပ်မတော် ပြိုကွဲအောင် ကြံစည်တယ်။ အရပ်ရပ် အခြေအနေတွေကြောင့် ကျောင်းသားတပ်မတော်ဟာ အင်အားအရ ချည့်နဲ့ ကျုံ့လှီခဲ့ပေမဲ့ ရန်သူသပ်ရိုက် ဖြိုခွဲမှုကြောင့်တော့ ပျက်စီးမသွားခဲ့ပါဘူး။

ဒါတွေပြောနေတာက သင်ခန်းစာ ယူစရာအဖြစ် ပြောပြခြင်းပါ။ ဗကပ ဆိုရင် မိမိအမှားနဲ့ ပတ်သက်လို့ သင်ခန်းစာလည်း ယူတယ်။ ပြင်စရာရှိတာလည်းပြင်တယ်။ ပြည်သူလူထုထံလည်း ရိုးသားစွာတင်ပြခဲ့ပါတယ်။ (ဗိုလ်မှူးချစ်ကောင်းရဲ့ "အနှစ် နှစ်ဆယ်" စာအုပ်ပါ ရဲဘော်ကြင်မောင်ရဲ့ အမှာကို ကြည့်ပါ။)

တော်လှန်ရေးအဖွဲ့အစည်းတွေဟာ မိမိအတွင်းပိုင်းလမ်းစဉ်ပေါ်လစီနဲ့ လုပ်ဟန်ပေါ်လစီတွေမှားခဲ့ရင် တော်လှန်ရေးထိခိုက်တတ်ကြောင်း သင်ခန်းစာယူဖို့ ပြောနေတာပါ။

ဒါပေမဲ့ ပါတီတွင်း အဖွဲ့အစည်းတွင်း ဒီလိုမှားယွင်းမှုတွေနဲ့ ပါတီအဖွဲ့အစည်းတွင်းရောက်ရှိလာတဲ့ သူလျှို ဒလန်တွေကိုရှင်းလင်းရေး၊ သစ္စာဖောက်တွေအပေါ် ဖြေရှင်းရေး၊ လက်နက်ချတွေအပေါ် သဘောထားတို့ဆိုတာ မတူတဲ့ကိစ္စရပ်တွေဖြစ်ပြီး မတူတဲ့နည်းနာတွေနဲ့ ဖြေရှင်းကိုင်တွယ်သွားကြရမယ်ဆိုတာလည်း သတိပြုကြရပါမယ်။

ရန်သူဟာ တော်လှန်ရေးတပ်ဖွဲ့တွေကို အသရေဖျက်ရင်း လုပ်ကြံစွပ်စွဲမှုမျိုးစုံလုပ်တယ်။ လက်တွေ့မှာ ပြည်သူကို တဖက်သတ် ပစ်ခတ်သတ်ဖြတ် နှိမ်နင်းပြီး အကြမ်းဖက်ဝါဒ ကျင့်သုံးနေတယ်။ ဒါကြောင့်လည်း တကမ္ဘာလုံးနဲ့ တယောက်ဘဝ ရောက်ခဲ့ရတာပါ။ ကြေးစားတပ်ဟာ ပြည်တွင်းပြည်ပ ကမ္ဘာ့ဒီမိုကရေစီ အင်အား

ဆောင်းပါး

စုအားလုံးရဲ့ ဝိုင်းဝန်းဆန့်ကျင်မှုကို ခံနေရပြီ။ တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့တွေကလည်း တောင်ပိုင်း မြောက်ပိုင်း ၂ ခြမ်းခွဲပြီး ထိုးစစ်ဆင် တိုက်ခိုက်နေတယ်။

မြို့ပြရဲ့လမ်းတွေပေါ် မှာ လူ ၉၀၀ ကျော် လုပ်ကြံ သတ်ဖြတ်ခံရပြီး တတိုင်းတပြည်လုံး သွေးချောင်းစီး ခဲ့ရတယ်။ စာသင်ကျောင်းတွေ၊ ရုံးတွေ၊ လူနေအဆောက်အအုံတွေထဲအထိ စစ်တပ်က ဗုံးခွဲနေတယ်။ လုပ်ကြံ သတ်ဖြတ်မှုတွေက နေ့စဉ်နဲ့အမျှ ဖြစ်နေတာပါ။ ဒလန်တွေကိုနှုတ်ပိတ်တဲ့ သတ်ဖြတ်လုပ်ကြံမှုတွေလည်း တွေ့နေရ သလို အုပ်ကြီး အုပ်ကလေး သေနတ်စာကျွေးတဲ့ လုပ်ကြံမှုတွေကိုလည်း စစ်အုပ်စုလက်ရာပဲလို့ လူထုက သုံးသပ် ထင်မြင်နေကြတယ်။ စစ်တပ်ထဲမှာလည်း တပ်ပြေးတွေ၊ စီဒီအမ်တွေ တိုးပွားလာနေတယ်။

စစ်အုပ်စုဟာ တိုင်းပြည်ကိုမထိန်းနိုင်တော့ဘူး။ ဦးနင်းပဲ့ထောင် ပဲ့နင်းဦးထောင်ဆိုသလို အထိန်း အကွပ်မဲ့ ပရမ်းပတာဖြစ်နေပြီ။ ဒီအခြေအနေမှာ လူထုလုပ်စရာတခုပဲရှိတယ်။ စစ်အုပ်စုကို ဖြစ်တဲ့နည်းနဲ့ ဆန့် ကျင်ဖို့ပဲ။ လက်နက်ကိုင်တိုက်ပွဲဆင်ဖို့လိုသလို လူထုအုံကြွမှုလုပ်ဖို့လည်း လိုအပ်တယ်။ ဒါပေမဲ့ လက်နက်ကိုင် တိုက်ပွဲကိုအဓိကထားပြီး ကျန်တိုက်ပွဲသဏ္ဍာန်ပေါင်းစုံနဲ့ ဟန်ချက်ညီညီ ပေါင်းစပ်ကျင့်သုံးရေး ဖြစ်သင့်ပါတယ်။ ညီညွှတ်ရေးဟာ အဓိကပဲ။ အားလုံးညီရင် အောင်ပွဲရမှာ မုချပဲ။ ရန်သူကို အဆုံးစွန်ထိ အုံကြွတိုက်ခိုက် ပုန် ကန်ကြရ မယ်။ တတိုင်းတပြည်လုံး ညီညွှတ်ကြရမယ်။

● အမောင်





# ပြည်တွင်း သတင်းအတိုအထွာ

(၅.၆.၂၀၂၁)

■ SPDF နဲ့ KIA ပေါင်း၍ ကချင်၊ ရွှေကူမြို့မရဲစခန်းအားတိုက်ခိုက်၊ စကစ ၂ဦးသေဆုံး။

■ ကယား၊ မိုးဗြဲတိုက်ပွဲတွင် အကြမ်းဖက်စကစတပ်မှ ၂၀ ဝန်းကျင်သေဆုံးပြီး MBPDF မှ လက်နက်ခဲယမ်းများရရှိ။

■ ကယားပြည်နယ်တွင် မေ ၂၁ မှ မေ ၃၁ အထိ တိုက်ပွဲများတွင် စကစဘက်မှ သေဆုံးသူ ၁၇၆ ဦးထက်မနည်းရှိခဲ့။

(၇.၆.၂၀၂၁)

■ စစ်ကိုင်းတိုင်း၊ ယင်းမာပင်၊ စည်လှော်ရွာတိုက်ပွဲ စကစဘက်က ၁၀ ဦးထက်မနည်းသေ၊ ၅ ဦးအရှင်ဖမ်းမိ။

■ စစ်ကိုင်းတိုင်း၊ တန့်ဆည်တွင် ဒလန်လင်မယား ပစ်ခတ်ခံရ၍ ယောကျ်ားဖြစ်သူသေဆုံး။

■ ရှမ်းမြောက်၊ ကွတ်ခိုင်အနီးတွင် MNDAA နှင့် စကစတပ် တိုက်ပွဲဖြစ်၊ စကစဘက်က ၉ ဦးသေ။

(၈.၆.၂၀၂၁)

■ ရန်ကုန်၊ တာမွေမြို့နယ်တွင် ကျားကွက်သစ်အုပ်ကြီး သေနတ်ပစ်သတ်ခံရ။

■ မန္တလေးတိုင်း၊ ပုသိမ်ကြီးမြို့နယ်၌ ရဲတပ်ဖွဲ့ဝင် ၂ ဦး သေနတ်ဖြင့် ပစ်ခတ်ခံရ။

■ စစ်ကိုင်း၊ ဒီပဲယင်းမြို့နယ်၌ တိုက်ပွဲဖြစ်၊ အကြမ်းဖက်စစ်ကောင်စီတပ်သား ၃ ဦး မိုင်းထိ သေဆုံး။

(၉.၆.၂၀၂၁)

■ စစ်ကိုင်း၊ ကနီတွင် တိုက်ပွဲဖြစ်ပွားပြီး အကြမ်းဖက်စစ်သား ၈ ဦးသေဆုံး။

■ ကရင်ပြည်နယ်၊ သံတောင်ကြီး ၁၃ မိုင် ပစ်ခတ်မှု စကစဘက်မှ ၁ ဦး သေဆုံး။

(၁၀.၆.၂၀၂၁)

■ မန္တလေးတိုင်း၊ မြင်းခြံ၊ ဇလပ်ကုန်းရွာ စကစခန့် အုပ်ချုပ်ရေးမှူး ဓားခုတ်ခံရပြီး သေဆုံး။

■ မန္တလေးတိုင်း၊ ပြင်ဦးလွင်အနီးစန်းတွင် စစ်လေယာဉ်ပျက်ကျပြီး ၁၂ ဦး သေဆုံး။

■ မန္တလေးတိုင်း၊ မတ္တရာမှာ ပျူစောထီးအဖွဲ့ဝင် ၁ ဦး သေနတ်နဲ့ပစ်သတ်ခံရ။

■ ပြည်မြို့တွင် ကြံ့ခိုင်ရေးပါတီဝင် ရာအိမ်မှူးအသတ်ခံရ။

(၁၁.၆.၂၀၂၁)

■ ချင်းပြည်နယ်၊ ထန်တလန်တွင် တိုက်ပွဲဖြစ်ပွားပြီး စကစအကြမ်းဖက်တပ်ဖွဲ့ဝင် ၂၇ ဦးသေဆုံး။

■ မကွေးတိုင်း၊ မြိုင်မြို့နယ် ဌေးအောင်ရွာမှ ဒလန်အုပ်ချုပ်ရေးမှူး ဓားထိုးခံရ။

■ ချင်းပြည်နယ်၊ ဟားခါး CDF နဲ့ တိုက်ပွဲ စကစအကြမ်းဖက်သမား ၁ ဦးသေ




(၅.၆.၂၀၂၁)

■ ၄ လအတွင်း အကြမ်းဖက်စစ်အုပ်စုက ဓားစာခံအဖြစ် မိသားစုဝင် ၇၆ ဦးကို ဖမ်းဆီးခဲ့။

■ မြန်မာကြမ်းဖက်စစ်ခေါင်းဆောင်နှင့် အာဆီယံကိုယ်စားလှယ်အဖွဲ့တွေ့ဆုံ။

■ NUG တရားရေး၊ ဆသရ၊ သတင်း၊ နည်းပညာ၊ လျှပ်စစ်စွမ်းအင် ဝန်ကြီးများခန့်အပ်။

■ ကျုံပျော်၊ လှေဆွဲရွာတိုက်ပွဲ၌ ပြည်သူ ၁၇ ဦးကျဆုံး၊ ဒေသခံရွာသား ၂၀၀၀ ကျော်တိမ်းရှောင်နေရ။

■ ပြည်ပစက်သုံးဆီကုမ္ပဏီများ မြန်မာကိုအကြွေးရောင်းချမှုရပ်နား။

(၆.၆.၂၀၂၁)

■ ထိုင်းမြန်မာနယ်စပ်မှ ဆပ်ပြာ/မှုန့်၊ သွားတိုက်ဆေးတင်သွင်းခွင့် စကစပိတ်။

■ ထိုးစစ်တွေရပ်ပြီး၊ စစ်အာဏာရှင်ကိုအတူတိုက်ရန် SSPP ကို RCSS တိုက်တွန်း။

(၇.၆.၂၀၂၁)

■ မကွေးတိုင်း၊ အကြမ်းဖက်စစ်တပ်ဘေးရန်ကြောင့် ဂန့်ဂေါဒေသခံပြည်သူ ၂၀၀၀၀ ကျော် ထွက်ပြေးနေရ။

■ ကရင်ပြည်နယ်ရှိ အာဇာနည်ကျောက်တိုင်များကို အကြမ်းဖက်စစ်တပ်က ဖြိုချဖျက်ဆီး။

■ ဆေးရုံ၊ ဈေး၊ ကျောင်းစသည်ဖြင့် ပြည်သူထိခိုက်မည့်ဖောက်ခွဲဖျက်ဆီးမှုများ မလုပ်ဟု PDF အဖွဲ့များကြေငြာ။

■ We Pledge CDM ငွေကျပ်သိန်း ၁၂၀၀ ကျော် ကောက်ခံရရှိခဲ့။

(၈.၆.၂၀၂၁)

■ စီးပွားရေးဒုက္ခကြုံတွေ့နေရသည့် ပြည်သူများကို မြန်မာကြက်ခြေနီအသင်းက အကူအညီတိုးပေး။

■ အာဆီယံ-တရုတ် အစည်းအဝေးမှ မြန်မာပြည်သူများအတွက် မျှော်လင့်စရာမရှိဟု ပညာရှင်များသုံးသပ်။

■ အကြမ်းဖက်စကစအား လုံးဝလက်မခံကြောင်း ဂျပန်အောက်လွှတ်တော် အတည်ပြုဆုံးဖြတ်။

■ ရန်ကုန်၊ အင်းစိန်ထောင်တွင်းမှ လူငယ်များကို ပြန်လွှတ်ပေးမည်ဆိုပြီး မိသားစုထံက ငွေတောင်းခံမှုများရှိနေ။

■ တလခွဲအတွင်း ဗဟိုဘဏ် ဒေါ်လာ ၃၉ သန်းထုတ်ရောင်းခဲ့။

(၉.၆.၂၀၂၁)

■ ဘာသာရေးအဆောက်အဦးများကို တိုက်ခိုက်ဖျက်ဆီးခြင်းမပြုလုပ်ရန် အကြမ်းဖက်စကစအား မေတ္တာရပ်ခံနေရ။

■ ကယားတွင် လူ ၁ သိန်းခန့် နေရပ်စွန့်ခွာ၊ ဆိုးရွားသည့် လုံခြုံရေးအခြေအနေအပေါ် ကုလစိုးရိမ်။
■ စစ်ကောင်စီဝါဒဖြန့်ရာတွင် ဗိုလ်ချုပ်ရုပ်ရှင်ကို အသုံးမချရန် ထောင်ထဲမှဒါရိုက်တာလူမင်း ပြော။
■ မြန်မာ့ဒီမိုကရေစီရေး ကိုရီးယားလူ့အခွင့်အရေးကော်မရှင်က ဝမ်ငွေ ၁၀ သန်းလှူဒါန်း။
■ အေအေစစ်ဦးစီးချုပ်၏ ညီနှင့် ညီမ အပါအဝင် ၁၀ ဦး လွတ်မြောက်။
■ စစ်အာဏာသိမ်းပြီးနောက် ရန်ကုန်သီလဝါစီးပွားရေးဇုန်၌ ယာယီရပ်ဆိုင်းသည့်စက်ရုံ ၃၀ ခန့်ရှိလာ။ (၁၀.၆.၂၀၂၁)
■ စစ်အာဏာသိမ်းပြီးနောက် ကြံ့ခိုင်ရေးပါတီဝင် ၇၀ နီးပါး လုပ်ကြံသတ်ဖြတ်ခံခဲ့ရ။
■ ကချင်၊ ရွှေကူမြို့နယ်က သစ်မာတန်ချိန် ၅၀၀၀ အမြန်ထုတ်လုပ်ရောင်းချရန် စစ်အုပ်စုကကြိုးပမ်းနေ။
■ ဒေါက်တာတေဇာဆန်းကို ကိုရီးယားနိုင်ငံက ဇွန်အရေးအခင်းဂုဏ်ထူးဆောင်ဆု ချီးမြှင့်။
■ ချင်းပြည်နယ်၊ မင်းတပ်တွင် တိုက်ပွဲကြောင့် ဒေသခံပြည်သူ သောင်းချီ ဘေးလွတ်ရာတိမ်းရှောင်။ (၁၁.၆.၂၀၂၁)
■ စစ်တပ်အာဏာသိမ်းပြီးနောက် ရှမ်းမြောက်၊ မူဆယ်တွင် ကားခိုးမှုနှင့် လောင်းကစားဝိုင်းများ ပိုမိုများပြားလာ။
■ ရောဝတီ၊ မြောင်းမြမြို့နယ်၌ ကျောင်းမအပ်သည့်နေအိမ်များကို ခြိမ်းခြောက် စာရင်းကောက်နေ။
■ အကြမ်းဖက်စစ်အုပ်စုကို တရုတ်အစိုးရက အသိအမှတ်ပြုလိုက်သည့်လုပ်ရပ်အပေါ် အရပ်ဘက်အဖွဲ့ ၄၁၆ ဖွဲ့ ကန့်ကွက်ရှုတ်ချ။
■ စစ်ကောင်စီကိုရှုတ်ချပြီး မြန်မာပြည်ဒီမိုကရေစီပြန်ရရေး ဂျပန်အထက်လွှတ်တော် ဆုံးဖြတ်။
■ စစ်ကြောရေးတွင် နှိပ်စက်ညှဉ်းပန်းမှုကြောင့် သေဆုံးသူ ၂၂ ဦး၊ အလောင်းပြန်မရသူ ၃ ဦးရှိဟု AAPP ထုတ်ပြန်။
■ စကစမှ ကိုဗစ်စင်တာများဆောက်၊ ဟောခန်းမှာ ကွပ်ပျစ်ခင်း၊ အကာမှာ ပလက်စတစ်အကြည်များသာဖြစ်။
■ ကရင်နီစစ်ရှောင်များအတွက် လှူဒါန်းထားသည့် ရိက္ခာ၊ ဆေးဝါးများကို စကစ မီးရှို့ဖျက်ဆီး။

**"**
**ဒီတပတ်တော့**
**သာရေးသတင်းကို စာမျက်နှာ ၂ မျက်နှာနဲ့ ဖော်ပြခွင့်ရခဲ့ပါတယ်။**
**နောင်အပတ်တွေလည်း သာရေးသတင်းတွေ ဝေဆာစေလိုပါကြောင်း**
**မိုလိုတော့ဗ်အဖွဲ့သားများက ဆုမွန်ကောင်း တောင်းလိုက်ရပါတယ်။**
**CCTV ပိုင်ရှင်များမှလည်း**
**CCTV မှတ်တမ်းများကို တနေ့တခါ ဖျက်ပစ်ကြဖို့ မမေ့ပါနဲ့ခင်ဗျာ။**
**"**